# ကိုလိုရာဒို တရားရုံးချုပ်

2 East 14th Avenue

Denver, CO 80203

(720) 626-5460

NATHAN B. COATS

တရားသူကြီးချုပ်

# ကိုလိုရာဒို တရားရုံးချုပ်

## တရားသူကြီးချုပ်ရုံး

---

## COVID-19 နှင့် ကိုလိုရာဒိုပြည်နယ် တရားရုံးများ၏လုပ်ငန်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အသစ်ပြင်ဆင်ထားသော ညွှန်ကြားချက်

ကိုလိုရာဒို တရားရုံးချုပ်၏ တရားသူကြီးချုပ်အနေဖြင့် ကျွန်ုပ်၏ ဆောင်ရွက်နိုင်စွမ်းဖြင့် 2020 ခုနှစ် မတ်လ 16 ရက်နှင့် 20 ရက်၊ ဧပြီလ ၁၆ ရက်တွင် COVID-19 ကပ်ရောဂါကာလအတွင်း ပြည်နယ်တရားရုံးများ၏ စီမံအုပ်ချုပ်မှုများနှင့် စပ်လျဉ်းသော ညွှန်ကြားချက်များကို ကျွန်ုပ် ထုတ်ပြန်ခဲ့ပါသည်။

လူစုဝေးခြင်းနှင့် လူလူချင်းထိတွေ့မှုရှိခြင်းနှင့်ပတ်သက်သော ကန့်သတ်ချက်များကို တဖြည်းဖြည်း ပြေလျော့စေခြင်း၊ ဤပြည်နယ်၏ ပြည်သူများ၏ တရားရေးရာ ကိစ္စရပ်များအား အချိန်မီအစီအစဉ်တကျ ရှိစေရေးအတွက် ဖိုရမ်များ ပံ့ပိုးရေး တရားစီရင်ရေးအဖွဲ့၏ တာဝန်ဝတ္တရားများနှင့် တရားရုံးချုပ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စီမံအုပ်ချုပ်မှု အခွင့်အာဏာများအား ကြားဝင်ဆောင်ရွက်ခြင်းတို့တွင် ကျန်းမာရေးအရာရှိများနှင့် အစိုးရ၏အဆင့်အသီးသီးရှိ ပြင်ဆင်ပြောင်းလဲထားသော အမူဆောင်ညွှန်ကြားချက်များထံမှ ပြောင်းလဲထားသောလမ်းညွှန်မှုကို ထည့်သွင်းစဉ်း စား၍ ကျွန်ုပ်သည် အဆိုပါညွှန်ကြားချက်များကို အောက်ပါအတိုင်း ပြင်ဆင်လိုက်ပါသည်။

တရားသူကြီးချုပ်က နောက်ထပ်လမ်းညွှန်ချက်တစ်စုံတစ်ရာ မထုတ်ပြန်မချင်း ပြည်နယ်တရားရုံးများသည် အရေးပေါ်အခြေအနေတစ်ရပ်ဖြင့် ဆက်လက်၍လုပ်ငန်းဆောင်ရွက်သွားရမည် ဖြစ်သည်။ ခရိုင်အသီးသီးမှ

တရားသူကြီးချုပ်များ အနေဖြင့် အဝေးနေရာများမှ ဌာနဝန်ထမ်းများ၏ လုပ်ကိုင်ဆောင်ရွက်မှုကို အဆင်ပြေချောမွေ့စေရန်နှင့် လူလူချင်းထိတွေ့ဆက်ဆံမှု လျော့နည်းစေရန် သင့်လျော်သည့်အားထုတ်မှုများ ဆက်လက်ဆောင်ရွက်သွားရန် မျှော်လင့်ပါသည်။ အဆုံးထိတိုင် အချို့သောတရားရေး ဆောင်ရွက်မှုများတွင် ကိုယ်တိုင်ကိုယ်ကျ ရောက်ရှိ လုပ်ဆောင်ရခြင်း လိုအပ်နိုင်သည်ကို နားလည်သဘောပေါက်ပါသည်။ ဖြစ်နိုင်သည့်အချိန်အခါတိုင်း တရားရေး ဆောင်ရွက်မှုများသည် ၎င်းတို့၏ သဘောသဘာဝကို ထည့်သွင်းမစဉ်းစားဘဲ အဝေးမှနေ၍ ဆက်လက်စီမံဆောင် ရွက်သင့်ပါသည်။

တရားရေးရာ လုပ်ငန်းနှင့် တရားဥပဒေ အခွင့်အရေးများအား အကာအကွယ် ပေးခြင်းကို စီမံဆောင်ရွက်ခြင်းနှင့် ဤအရေးပေါ် အခြေအနေများအောက်တွင်ရရှိနိုင်သော ဝန်ထမ်းဆိုင်ရာနှင့်ရင်းမြစ်များ အပြောင်းအလဲ မရှိစေရေးအ တွက် ဖိုရမ်များ ပံ့ပိုးရန်ပြည်နယ်တရားရုံးများ၏ တာဝန်ဝတ္တရားများအား ဖြည့်စွမ်းမှုဖြင့် ပြည်နယ် တရားရုံးများသည် အရေးကြီးသည်ဖြစ်စေ မကြီးသည်ဖြစ်စေ တရားရေးရာ လုပ်ငန်းများအားလုံးကို ဘေးကင်းလုံခြုံစွာ ဆက်လက်၍ စီမံဆောင်ရွက်ရမည်။ သို့သော် ပြည်သူ့ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် သာယာစိုပြေရေးတို့အား အကာအကွယ် ပေးခြင်းအတွက် လက်ရှိကျန်းမာရေး အကျပ်အတည်းကာလအတွင်းမှာပင်လျှင် အချို့သောတရားရေးရာ လုပ်ငန်း ဆောင်တာများကို အရေးကြီးသည်ဟု ယူဆထားရမည်။ ထို့ကြောင့် ဤလုပ်ငန်းဆောင်တာများသည် အခြားသော ကိစ္စရပ်များထက် ဦးစားပေးဆောင်ရွက်ရမည်။ အဝေးမှလုပ်ငန်းဆောင်ရွက်မှု မပံ့ပိုးနိုင်ပင်လျှင် လုံးလုံးလျားလျား ဆိုင်းငံ့ထား၍ မရနိုင်ပါ။ ထိုကိစ္စရပ်များတွင် အောက်ပါတို့ ပါဝင်ပါသည်-

1. ယာယီအရပ်သား အကာအကွယ်ပေးရေး အမိန့်များအတွက် တရားဝင်လျှောက်ထားခြင်းနှင့် အမြဲတမ်း အကာအကွယ်ပေးရေး အမိန့်ကြားနာမှုများ
2. ယာယီအရေးပေါ် ဘေးအန္တရာယ်အကာအကွယ်ပေးရေး အမိန့်များအတွက် တရားဝင်လျှောက်ထားခြင်းနှင့် အရေးပေါ် ဘေးအန္တရာယ်အကာအကွယ်ပေးရေး အမိန့်များနှင့် ပတ်သက်၍ ကြားနာမှုများ
3. အကျဉ်းချခံထားရသူများအတွက် စည်းမျဉ်း 5 အသိပေးချက်နှင့် အာမခံခြင်း၏ကနဦးချိန်ညှိခြင်း
4. အကျဉ်းချခံထားရသော တရားခံတစ်ဦးပါဝင်သည့် ခံဝန်ချုပ်ဖြင့်လွှတ်ခြင်းကို ပြန်လည်ရုပ်သိမ်းရန် တိုင်ကြားချက်များနှင့် ပတ်သက်သော ပြန်လည်ရုပ်သိမ်းခြင်း ကြားနာမှုများ
5. စာချုပ်နှင့်သက်ဆိုင်သော ကိစ္စရပ်များနှင့် အကျဉ်းချခံထားရသူများအတွက် လျှောက်လဲချက် သဘောတူညီမှုများအပါအဝင် ရာဇဝတ်မှုဆိုင်ရာတရားခံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီသော

အခွင့်အရေးများ ကို အကာအကွယ်ပေးရန် လိုအပ်သော ဆောင်ရွက်ချက်များ

6. လူငယ်များကျူးလွန်သော ပြစ်မှုငယ်များအတွက် အကျဉ်းချခြင်း ကြားနာမှုများ
7. အထောက်အပံ့ခံဘဝနှင့် လျစ်လျူရှုခြင်းဖြစ်ရပ်များ သို့မဟုတ် အခြားလူငယ်များနှင့် သက်ဆိုင်သော ဆောင်ရွက်ချက်များတွင် ခိုလှုံမှုဆိုင်ရာ ကြားနာမှုများ
8. အရေးပေါ်အုပ်ထိန်းသူ နှင့်/သို့မဟုတ် အထူး ထိန်းသိမ်းကာကွယ်သူ ခန့်အပ်ခြင်းအတွက်လျှောက်ထားချက်
9. မိဘအုပ်ထိန်းချိန်နှင့် မိဘအုပ်ထိန်းမှုဆိုင်ရာ အဓမ္မသွေးဆောင်မှု အကာအကွယ်ပေးခြင်းကို ကန့်သတ်ရန် အဆိုပြုချက်နှင့် ပတ်သက်သော ကြားနာမှုများ
10. အရေးပေါ် စိတ်ကျန်းမာရေး ဆောင်ရွက်မှုများ
11. အခြားလုပ်ငန်းဆောင်ရွက်မှုများ သို့မဟုတ် ကိစ္စရပ်တစ်ခုခုသည် ဖြစ်လာတော့မည့် ငွေကြေးဆိုင်ရာ အခက်အခဲ သို့မဟုတ် ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး သို့မဟုတ် သာယာစိုပြေရေး သို့မဟုတ် တစ်ဦးတစ်ယောက်ချင်း သို့မဟုတ် လူထုအတွက် ဖြစ်လာတော့မည့် ဘေးအန္တရာယ်များကို တရားသူကြီး ချုပ်၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ဖြင့် ကြိုတင်ကာကွယ်ရန် လိုအပ်သည်ဟု ယူဆပါသည်။ သီးခြားဖြစ်ရပ်အလိုက် လက်ရှိဖြစ်နေသော အခြေအနေများကို ထည့်သွင်းစဉ်းစားပြီးနောက် ၎င်းတို့ကို တရားသူကြီးချုပ်က ဖြစ်ရပ်အလိုက် ဆုံးဖြတ်မည် ဖြစ်သည်။

အနည်းဆုံး လက်ရှိလက်တွေ့ကျင့်သုံးမှုများအရ တရားသူကြီးအဖွဲ့များသည် လက်ရှိ ပြည်သူ့ကျန်းမာရေး လမ်းညွှန်ချက်များနှင့်အညီ စုစည်း၍ မရနိုင်သေးသောကြောင့် ဤညွှန်ကြားချက်အား ထပ်မံ၍ ပြုပြင်ပြောင်းလဲခြင်း မရှိလျှင် သို့မဟုတ် ပြုပြင်ပြောင်းလဲမှု တိုင်အောင် 2020 ခုနှစ် ဇူလိုင်လ 6 ရက် မတိုင်မီ မည်သည့်အချိန်၌မဆို တရားရေး ဝန်ဆောင်မှု စတင်ရန်အတွက် စုစည်းရန် ပြည်နယ်တရားရုံးများက မည်သည့်ပုဂ္ဂိုလ်ကိုမျှဆင့်ခေါ်မည် မဟုတ်ပါ။ သို့သော် တရားရေးရာစစ်ဆေးမှုများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြဋ္ဌာန်းဥပဒေအခွင့်အရေးများအား ထည့်သွင်းစဉ်းစားပြီး အဆိုပါအခွင့်အရေးများကို ဖြစ်နိုင်သမျှဆောလျင်စွာ ကာကွယ်ရန်အရေးကြီးမှုကို ထည့်သွင်း စဉ်းစား၍ စုဝေးခြင်းနှင့် လူလူချင်းထိတွေ့ဆက်ဆံခြင်းနှင့် စပ်လျဉ်းသောကျန်းမာရေးလမ်းညွှန်ချက်များနှင့် ပြည်တွင်းအမှုဆောင်ညွှန်ကြားချက်များနှင့်အညီ ကန့်သတ်ထားသည့် တရားရေးရာစစ်ဆေးမှုများကို စီမံဆောင်ရွက် ခြင်းအတွက် နည်းလမ်းတစ်ရပ်ကို ဖန်တီးဆောင်ရွက်သော မည်သည့်တရားသူကြီးချုပ်မဆို တရားသူကြီးအဖွဲ့များ၏ စုဝေးမှုကို ဤတားမြစ်ချက်၏ တောင်းဆိုပိုင်ခွင့်တစ်ရပ်အနေဖြင့် ရယူနိုင်သည်။

ဒန်ဗာ၊ ကိုလိုရာဒိုပြည်နယ်၊ 2020 ခုနှစ် မေလ 5 ရက်နေ့တွင် ဆောင်ရွက်ခဲ့သည်။

Nathan B. Coats
တရားသူကြီးချုပ်၊ ကိုလိုရာဒို တရားရုံးချုပ်